ချင်ကိုက်ကုန်းကျေးရွာ

မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၈ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချင်ကိုက်ကုန်းကျေးရွာ၊ မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇွန်လ

မာတိကာ


| | |
|---|---|
| မာတိကာ | ၁-၂ |
| စကားချီး | ၃-၄ |
| ချင်ကိုက်ကုန်းကျေးရွာသယံဇာတပြမြေပုံ | ၅-၅ |
| အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် | ၆-၇ |
| (၁) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် | |
| ( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၈-၈ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| ( ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၉-၉ |
| (က) လူဦးရေဆိုင်ရာ အချက်အလက်များ | |
| ( ခ) စီးပွားရေးအခြေအနေ | |
| (ဂ ) ကျန်းမာရေး | |
| (ဃ ) ပညာရေး | |
| ( င) ကျားမဆိုင်ရာ ဆက်နွယ်မှု | |
| (၄) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ | ၁၀-၁၃ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| ( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| ( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု | |
| ( င) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | |
| (စ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဆ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (ဇ) အခြေခံအဆောက်အအုံနှင့်ဝန်ဆောင်မှု | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၄-၁၅ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | |
| ( ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | |
| (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ | ၁၆-၁၆ |
| (က) ရည်မှန်းချက်ပန်းတိုင် | |
| (ခ) နည်းဗျူဟာ | |

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၇-၁၈

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈-၂၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့်ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေ

(ခ) ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄-၂၅

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆-၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၇-၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု သုံးသပ်ခြင်းနှင့်အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ ၃၀-၇၃

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အုန်းပင်စုကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇွန်လ၊ ၂၀၁၉ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ချင်ကိုက်ကုန်းကျေးရွာ
မြို့သစ်မြို့နယ်

## ချင်ကိုက်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မြို့သစ်မြို့နယ်

**ရည်ညွှန်း** – ချင်ကိုက်ကုန်းကျေးရွာ၊ လင်းလည်ကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၉ ခုနှစ်၊ဖေဖော်ဝါရီလ )



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၁) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊

သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ ( ၅ ) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးသည် မြန်မာပြည်၏ အလယ်ပိုင်း တွင်တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်း ဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီနှင့်၂၂ဒီဂရီ ကြား အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ နှင့် ၉၆ဒီဂရီ အကြားတွင်တည်ရှိပြီး အကျယ်အဝန်းမှာ( ၆၁၂.၆၈ ) ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏ အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီးရှိ ရမည်းသင်းမြို့နယ်တို့ နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ တောင်တွင်းကြီးမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ မကွေးမြို့နယ်တို့နှင့် ထိစပ်လျက် ရှိပြီး မြောက်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ်ထိ စပ်လျက် ရှိပါသည်။

မြို့သစ်မြို့နယ်သည် အုပ်စုပေါင်း (၅၂)အုပ်စု၊ကျေးရွာပေါင်း (၁၇၉) ရွာ ရှိရာ လင်းလည်အုပ်စု၊ ချင်ကိုက်ကုန်းကျေးရွာသည် မြို့သစ်မြို့နယ်၏ နယ်စပ် အနောက်တောင်ဘက်တွင်တည်ရှိ၍ မကွေးမြို့နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျှက်ရှိပါသည်။ လင်းလည်အုပ်စု၏ ( ၄ )ရွာတအုပ်စုဖြင့် ဖွဲ့စည်းထားပါသည်။ ရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ လယ်ကိုစိုက်ပျိုးပြီး နှမ်း၊ ပဲတို့ စိုက်ပျိုးမြေများရှိ၍ စပါးစိုက်ရန်လယ်ကွင်းများတည်ရှိသည်။ ရွာ၏ အရှေ့ဘက်၌လည်း ကမ္ဘာအေး စေတီလည်း တည်ထားကိုးကွယ်၍ အရှေ့တောင်ဘက်၌ အစိုးရမူလတန်းလွန်ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတို့ တည်ရှိပါသည်။

## (ခ) သဘာဝအရင်းအမြစ်များ

ချင်ကိုက်ကုန်း**ကျေးရွာသည် နှစ်စဉ်မိုးရေချိန် ( ၃၅ )လက္မခန့်ရှိပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်း ၊ တမာ ၊ ကုက္ကို ၊ ရှား ၊ ဒဟတ် ၊ သန်း ၊ ထောက်ကြန့်ပင်များ အများဆုံးပေါက်ရောက်လျှက် ရှိသည်။** ချင်ကိုက်ကုန်း**ကျေးရွာသည် လယ်မြေဧကမှာ (၁၈၃)ဧကရှိပြီး ယာဧကမှာ (၂၃၁)ဧက ရှိသည်။ အဓိကသီးနှံများမှာ နှမ်း ၊ မြေပဲ ၊ စပါးတို့ကို လုပ်ကိုင်၍ မိုးနှောင်းပိုင်းတွင် ကိုင်းသီးနှံ ကြက်သွန် ကိုလည်း တနိုင်တပိုင် လုပ်ကိုင်လျှက်ရှိသည်။** ချင်ကိုက်ကုန်း**ကျေးရွာသည် ရေအရင်းအမြစ် ပေါသော ဒေသတခု ဖြစ်ပါသည်။**

## (၃) ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ချင်ကိုက်ကုန်း**ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၃၆)စုနှင့် လူဦးရေ စုစုပေါင်း(၇၂၃)ဦးရှိပါသည်။** ချင်ကိုက်ကုန်း**ကျေးရွာတွင် ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးများ ဖြစ်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၇%)ရှိပြီး၊ လူဦးရေ စုစုပေါင်း(၂၃%)ခန့်သာ မှီခို သူများဖြစ်သည့်အတွက် အလုပ်လုပ်ကိုင်နိုင်မှု အင်အားကြီးမားပါသည်။ ကျေးရွာရှိ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် (၇၀)ဦးပိုများ ပါသည်။**

### (ခ) စီးပွားရေးအခြေအနေ

ချင်ကိုက်ကုန်း**ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၅၆%)ခန့် သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၊ (၄၀%)ခန့်သည် အလယ်အလတ် အဆင့်ရှိသည့် အိမ်ထောင်စုများ၊ (၃%)ခန့်သည် ချမ်းသာသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုနှင့် ကျေးရွာ၏စီးပွားရေး အခြေအနေမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သော်လည်း ကျေးရွာ၏ ချမ်းသာသော အိမ်ထောင်စုများ တွင် ထွန်စက်၊ကား ၊ခွဲစက်နှင့် စပါးစက်များရှိပါသည်။**

### (ဂ) ကျန်းမာရေး

ချင်ကိုက်ကုန်း**ကျေးရွာတွင် ကျန်းမာရေးဆေးခန်းမှ မကုနိုင်သောရောဂါများအား** ချင်ကိုက်ကုန်း**ကျေးရွာမှ** (၇)**မိုင်ခန့်ဝေးသော** တောင်တွင်းပြည်သူ့ဆေးရုံနှင့်**ဆေးရုံနှင့် (၅)မိုင်ခန့်ဝေးသော** မြို့သစ်မြို့ **ဆေးရုံများသို့ သွားရောက် ကုသရပါသည်။ ယင်းရွာများသို့ သွားလာရာတွင် သွားလာ**ရလွယ်ကူပါသည်။

### (ဃ) ပညာရေး

ချင်ကိုက်ကုန်းကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းသာရှိပါသည်။ စာသင်ကျောင်းတွင် ကျောင်းသားဦးရေ(၁၆၀)ခန့်ရှိပြီးအစိုးရခန့် ဆရာ၊ ဆရာမ(၇)ဦးနှင့် ကျေးရွာခန့် ဆရာမ(၁)ဦး ရှိပါသည်။ ချင်ကိုက်ကုန်းစာသင်ကျောင်းတွင် မူလတန်းအတွက် (၉၀'x၂၆')ကျောင်းဆောင်တစ်ဆောင်၊ မူလွန်အတွက် (၄၀'x၂၆')ကျောင်းဆောင်တစ်ဆောင်နှင့် KGတန်းအတွက်(၂၀'x၂၈') ကျောင်းဆောင် တစ်ဆောင်သာရှိပြီး စာသင်ကျောင်းဆောင်မလုံလောက်သဖြင့် ကျေးရွာအစီစဉ်ဖြင့် သက္ကယ်မိုး၊ ထရံကာ ကျောင်းဆောင် တစ်ဆောင်ဆောက်လုပ်ပေးထားရပါသည်။ ချင်ကိုက်ကုန်းကျေးရွာတွင် ကျောင်းသား ဦးရေနှင့်စာသင်ကျောင်း ဆောင်လုံလောက်မှုမရှိပါ။ အထက်တန်းပညာရေးသို့တက်ရောက်ရသော ကျောင်းသား၊ကျောင်းသူများမှာ (၇)**မိုင်ခန့်ဝေးသော** တောင်တွင်းကြီးနှင့် **(၅)မိုင်ခန့်ဝေးသော** မြို့သစ်မြို့**များသို့** များသို့လည်းကောင်း သွားရောက်ပညာသင်ကြားရပါသည်။

**(င) ကျားမဆိုင်ရာ ဆက်နွယ်မှု**

ချင်ကိုက်ကုန်း**ကျေးရွာတွင် အမျိုးသားဦးရေ (၂၅၁)ဦးနှင့် အမျိုးသမီးဦးရေ မှာ(၃၂၁)ဦးရှိပြီး အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်သားဦးရေထက်(၇၀)ဦး ခန့်ပိုများပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားများကဦးဆောင်လေ့ရှိပြီး ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများမှ အများဆုံးပါဝင်လေ့ရှိကြပါသည်။ ကျေးရွာသာရေး၊ နာရေး ဆောင်ရွက်ရာတွင်လည်းအမျိုးသမီးများမှ အများဆုံးပါဝင်လေ့ရှိကြပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် အမျိုးသမီးပါဝင်မှုအားနည်းပါသည်။**

**(၄) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ချင်ကိုက်ကုန်း**ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့(၇)ဖွဲ့ကို ဖွဲ့စည်းထားကြ**ပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ မီးသတ်အဖွဲ့၊ ပရဟိတအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ဝတ်အသင်းအဖွဲ့နှင့် ဘာသာရေးအဖွဲ့တို့ဖြစ်ပါသည်။ ပရဟိတအဖွဲ့အဖွဲ့စတင်ဖွဲ့စည်းချိန်တွင် လူအင်အားနှင့် ငွေကြေးအင်အားအလွန်အားနည်းပါသည်။ ကျေးရွာရှိ အမျိုးသမီးများအတွက် အိမ်တွင်းအသက်မွေးဝမ်းကျောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့အတွက် အထောက်အကူပြုနိုင်ရန်အတွက် ပတ်မြန်မာအဖွဲ့အစည်းမှ ချေးယူသုံးစွဲရပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း ၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ချင်ကိုက်ကုန်းကျေးရွာတွင် မြေယာမဲ့ (၅၅) အိမ်ထောင်စုရှိပြီး အိမ်ထောင်စု(၉၂)စုမှာ တောင်သူများ ဖြစ်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ နှမ်း၊ စပါး၊ မြေပဲနှင့် ကြက်သွန်များကို အဓိကစိုက်ပျိုးကြပါသည်။ စပါးတစ်ဧကအထွက်နှုန်းမှာပျမ်းမျှ (၁၅)တင်း၊ နှမ်းတစ်ဧက

အထွက်နှုန်းမှာ (၁၂)တင်း၊ မြေပဲတစ်ဧကအထွက်နှုန်းမှာတင်း(၉၀)နှင့် ကြက်သွန်တစ်ဧက အထွက်နှုန်းမှာ ပိဿာ(၇၀) ထွက်ရှိပါသည်။

စိုက်ပျိုးမြေများမှာ လယ်ယာမြေ(၁၈၃)ဧက၊ ယာမြေ(၂၃၁)ဧက၊ ကိုင်းကျွန်းမြေ(၃၉)ဧက၊ စာကျက်မြေ(၁၀)ဧကနှင့် မြေလွတ်မြေလပ်(၅)ဧကရှိပြီး စုစုပေါင်း(၄၆၈)ဧက ရှိပါသည်။ တောင်သူလုပ်ငန်းများအတွက်လိုအပ်သော လုပ်အားကို မြေယာမဲ့ ကျပန်းနှင့် တောင်သူငယ်များကို မှီခိုအားထားရပါသည်။ စာကျက်မြေနှင့် မြေလွတ်မြေလပ်နေရာများတွင်တောင်သူများ၏ နွားများအတွက်အစာရေစာများရရှိပါသည်။

မွေးမြူရေးအနေဖြင့် ကြက် ၊ ဝက်၊ သိုး၊ ကျွဲနှင့် နွားတို့ကို မွေးမြူကြပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ အုန်းပင်စုကျေးရွာတွင် အိမ်ထောင်စု(၁၂၀)မှ နွားကောင်ရေ(၅၀၀)ခန့်နှင့် အိမ်ထောင်စု(၄)စုမှ ဆိတ်ကောင်ရေ (၂၅၀)ခန့် မွေးမြူကြပါသည်။ ဝက်မွေးမြူရေးအား အိမ်ထောင်စု (၁၀)စုခန့်သာမွေးမြူကြပြီး နှစ်စဉ်ကျရောက်သော ရောဂါများကိုထိရောက်စွာကာကွယ်နိုင်မှု၊ နည်းပညာ ပံ့ပိုးမှုများ မရရှိခြင်းနှင့် ဈေးကွက်စီးပွားရေးမရှိခြင်းတို့ကြောင့် စီးပွားဖြစ်ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်မှု နည်းပါးပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ချင်ကိုက်ကုန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများအဖြစ် တောင်သူငယ်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စား အလုပ်လုပ်ခြင်း၊ ပန်းရံ၊ လက်သမားလုပ်ကိုင်ခြင်း၊ အိမ်ဈေးဆိုင်ငယ်များ၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ပို့ဆောင်ရေးအတွက် ကျေးရွာမှ မြို့သို့ဈေးကားများ ပြေးဆွဲခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ **အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန်ဝင်ငွေမရှိကြပါ။** ချင်ကိုက်ကုန်း **ကျေးရွာ၏ စိုက်ပျိုးရေး လုပ်ကိုင်မှုမှာ မြေခံနှင့်အထွက်နှုန်းကောင်းမွန်သော်လည်း လုပ်သား ရှားပါးသော ပြဿနာနှင့်ကြုံတွေ့ နေရပါသည်။ စီးပွားရေးအခွင့်အလမ်းနည်းပါးခြင်းမှာ လုပ်အားခဈေးကြီးခြင်းကြောင့် စပါးရိတ်သိမ်း ခြွေလှေ့စက်များ ထောက်ပံ့ပေးမည်ဆိုပါက စီးပွားရေး အခြေအနေကောင်းမွန်လာမည်ဖြစ်ပါသည်။ တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကဝင်ငွေရလုပ်ငန်းဖြစ် သော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြသည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း ၊ လုပ်အား ခနည်းခြင်း၊ ပြည်တွင်းပြည်ပသို့ သွားရောက်အလုပ် လုပ်ကိုင်နေကြသည့်အတွက် အလုပ်သမား ရှားပါး ပါသည်။ အသက်မွေးဝမ်းကျောင်းမှုပညာများ ကျွမ်းကျင်စွာ တတ်မြောက်ရန် နည်းပညာပံ့ပိုးမှုများ မရှိသည့်အတွက် အခြားဒေသသို့သွားရောက်၍ လုပ်သားအဖြစ်သွားရောက် လုပ်ကိုင်နေကြရသည်။**

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ချင်ကိုက်ကုန်း**ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံများ ပိုးမွှားရောဂါများကျရောက်ပါက ဓါတု ဆေးဝါးများ အဓိကအသုံးပြုကြပြီး စနစ်တကျ ဖျက်ပိုးကာကွယ်နှိမ်နှင်းမှုမရှိခြင်းနှင့် ဖျက်ပိုး ကာကွယ်နှိမ်နှင်းနည်းပညာ အားနည်းခြင်းများကြောင့် သီးနှံအထွက်နှုန်းအနည်းငယ် လျော့နည်း ကြသည်။ စပါး စိုက်ပျိုးလယ်မြေများတွင်လည်း ရွာတွင်းမှ သဘာဝမြေဩဇာဖြစ်သည့် နွားချေး မြေဩဇာအနည်းငယ်ကိုသာ အသုံးပြုနိုင်၍ ဓါတုဓါတ်မြေဩဇာများအား နှစ်စဉ်ဆက်တိုက် အသုံးပြု ခြင်းတို့ကြောင့် စိုက်ပျိုးမြေများတွင် မြေဆီလွှာများ အဆင့်အတန်းကျဆင်းမှု ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများမှ ပလပ်စတစ်နှင့်အမှိုက်များအား မီးရှို့ခြင်းလုပ်ဆောင်ပြီး ပိုးသတ်ဆေးဘူးများ ကိုလည်း စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုနှင့် အပင်နှင့် မြေဆီဩဇာ ထိခိုက် ခြင်းတို့ အသင့်အတင့် ရှိပါသည်။ စီမံခန့်ခွဲမှုအပိုင်းအနေဖြင့် ထူးထူးခြားခြား လုပ်ဆောင်ကြခြင်း မရှိကြပါ။**

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ချင်ကိုက်ကုန်းကျေးရွာတွင် တောင်သူလယ်သမားများအတွက်လိုအပ်သော ငွေကြေးအား မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်း သက်သာစွာဖြင့် အိမ်ထောင်စု အတွက် ငွေကျပ်သိန်းပေါင်း များစွာကို နှစ်စဉ် မိုးဦးကျတွင်ချေးယူထားပါသည်။ လယ်ယာမြေပုံစံ(၇)ရှိသူများကို ချေးပေးပါသည်။ မြို့နယ်သမအသင်းမှလည်း အိမ်ထောင်စုများအား ချေးယူထား ပါသည်။ အခြားပြင်ပ အဖွဲ့အစည်းများ ဖြစ်သည့် ပတ်မြန်မာအဖွဲ့မှ အတိုးနှုန်း (၁/-)ဖြင့် အိမ်ထောင်စု (၃၀)အတွက် ငွေကျပ်သိန်း(၁၅၀)ကို အမျိုးသမီးများ အိမ်တွင်းသက်မွေးအရင်းအနှီးအဖြစ် ထုတ်ချေး ပေးပြီး စိုက်ပျိုးရေးစရိတ်အတွက် မိုးဦးကျတစ်ကြိမ် မိုးနှောင်းတစ်ကြိမ် (၅၀၀၀၀၀/-)ထက်မကျော်သော နှုန်းဖြင့် ထုတ်ချေးပါသည်။ ငွေကြေးဝန်ဆောင်မှုတွင် ပုံစံ(၇)ရှိသူတိုင်းလည်းငွေချေး၍မရရှိခြင်း၊ မြို့နယ် သမမှထုတ်ချေးသော အရင်းနည်းနေခြင်းမှာ တောင်သူလယ်သမားများအတွက် ရင်းနှီးမြှပ်နှံမှုအားနည်းသည့်အတွက် ဆင်းရဲ သောအိမ်ထောင်စုများအတွက် အဆင်မပြေဖြစ်ရသောကြောင့် သက်ဆိုင်ရာ ငွေကြေးဝန်ဆောင် မှုများ ရရှိရန်လိုအပ်လျက်ရှိပါသည်။

**(စ ) လူငယ်နှင့် ယဉ်ကျေးမှု**

ချင်ကိုက်ကုန်း**ကျေးရွာတွင် လူငယ်များ အနားယူအပမ်းဖြေရန် နေရာများမရှိသော်လည်း (၁၂)လ ရာသီပွဲတော်များအား ကျင်းပမှုရှိပါသည်။ ယင်းပွဲတော်များတွင် လူငယ်များသည် တက်ကြွစွာ ပူးပေါင်းပါဝင်မှုများရှိကြပါသည်။ ကျေးရွာရှိလူငယ်များသည် ကျေးရွာ၏ သာရေး၊ နာရေးကိစ္စရပ်များ အပြင် ဘာသာရေးကိစ္စများတွင်လည်းပါဝင်မှုရှိပါသည်။ ကျေးရွာရှိ လူငယ်များ စာပေလေ့လာရန် အတွက်လည်း စာကြည့်တိုက်မရှိပါ။ လူငယ်များ အသိပညာများတိုးပွားလာစေရန်အတွက် စာကြည် တိုက်များနှင့် အတက်ပညာများတိုးပွားစေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက် လျှင် လူငယ်များဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။**

**(ဆ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ချင်ကိုက်ကုန်း**ကျေးရွာသည်** လင်းလည်**ကျေးရွာအုပ်စုတွင်တည်ရှိပြီး မြို့သစ်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်များဖြင့် အလှမ်း**မကွာဝေးပါ။ **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲတာဝန်ခံများမှ ဦးဆောင်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးတို့အတွက် ရပ်မိရပ်ဖများနှင့် ပူးပေါင်းပြီး စီမံအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပါသည်။ ကျေးရွာလူထုသည် အာမခံထားရှိမှု အလှမ်းကွာဝေးနေသေးသည်။ မီးဘေးကြိုတင်ကာကွယ်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထား သော်လည်း အခြားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီများ အဖြစ် ဖွဲ့ထားခြင်းမရှိ သေးပါ။**

**(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု**

**ချင်ကိုက်ကုန်းကျေးရွာရှိ ရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းကာလတွင်သွားလာရ ခက်ခဲပါသည်။ လယ်ယာသို့သွားရသော တစ်ဖတ်ပိတ်လမ်းသည်လည်း လယ်ယာထုတ်ကုန်များ သယ်ယူနိုင်ရန်မှာ မြေသားလမ်းဖြစ်နေသောကြောင့် မိုးတွင်းကာလတွင် လယ်ယာကုန်များသယ်ယူရာတွင် အခက်အခဲများနှင့် တွေ့ကြုံနေရပါသည်။ ရွာ၏ အရှေ့မြောက်တွင်ရှိသော တောင်ကျချောင်းရိုးမှလည်း ရွာပတ်လမ်းမှ ကျေးရွာအတွင်းသို့ တောင်ကျချောင်းရေများဝင်နေပါသဖြင့် ၎င်းတောင်ကျချောင်းရေအား ရေကာတာ တည်ဆောက်ရန် လိုအပ်လျှက်ရှိပါသည်။ ရွာချင်းဆက်လမ်းများအနေဖြင့် ရွာ၏အနောက်မြောက်ဘက်မှ ကျားမီးတိုက်ကျေးရွာသို့သွားသောလမ်းနှင့် ရွာ၏ အရှေ့တောင်ဘက်မှ ဆည်လည်ကျေးရွာသို့သွားသော လမ်းများသည်လည်း မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းကာလတွင်သွားလာရ ခက်ခဲလျှက်ရှိ ပါသည်။**

ချင်ကိုက်ကုန်း**ကျေးရွာတွင် ကျန်းမာရေးဆေးခန်းမှ မကုနိုင်သောရောဂါများအား** ချင်ကိုက်ကုန်း **ကျေးရွာမှ** (၇)**မိုင်ခန့်ဝေးသော** တောင်တွင်းပြည်သူ့ဆေးရုံနှင့်**ဆေးရုံနှင့် (၅)မိုင်ခန့်ဝေးသော** မြို့သစ်မြို့ **ဆေးရုံများသို့ သွားရောက် ကုသရပါသည်။ ယင်းရွာများသို့ သွားလာရာတွင် သွားလာ**ရလွယ်ကူပါသည်။

**ချင်ကိုက်ကုန်းကျေးရွာတွင် သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး (၁၅)စင်း ၊ ဆိုင်ကယ်(၈၄)စင်း ၊ ကား( ၂ ) စင်း ၊ နွားလှည်း( ၈၉ )ရှိသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း ( ၁၆၇ )လုံး ၊ ရေဒီယို( ၇ )လုံး ၊ တီဗွီ( ၄၄)လုံး နှင့် စလောင်း( ၄၄ )လုံးရှိပါသည်။** MPT , Telenor , Ooredoo network **များ အသုံးပြုနိုင်ကြပြီး ဆက်သွယ်ရေးကောင်းမွန်ပါသည်။ လူငယ်ပိုင်းတွင်သာ** Internet **အသုံးပြုကြသည်။**

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ချင်ကိုက်ကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ(၇၂၃)ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏(၇၇%)ရှိပါသည်။ လက်ရှိအထက်တန်းပညာတက်ရောက် သင်ကြားနေသူ(၁၄)ဦး၊ တက္ကသိုလ်တက်ရောက်နေသူ(၄)ဦးစသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတက် ဦးရေ များပြားလာသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် လူ့စွမ်း အားအရင်း အမြစ်များ ရှိနေပါသည်။ ကျေးရွာတွင် လက်ရှိလူမှုရေးအဖွဲ့(၇)ဖွဲ့ရှိနေပြီး မိမိတို့ ကျေးရွာအတွက် တာဝန်ယူမှု ၊ တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်နေသည်မှာလည်း အားရဖွယ်ဖြစ်ပါ သည်။

သီးနှံထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျေးရွာတွင် လယ်( ၁၈၃ )ဧက ၊ ယာ( ၂၃၁ )ဧက၊ စားကျက်မြေ (၁၀)ဧက၊ မြေလွတ်မြေလပ်(၅)ဧကနှင့် ကိုင်း/ကျွန်း( ၃၉ )ဧက စုစုပေါင်း( ၄၆၈)ဧက ရှိပြီး မြေဩဇာအသင့်အတင့်ကောင်းသည်။ လယ်ယာ မြေဧက( ၁၈၃ )ဧကအတွက် စိုက်ပျိုးရေးအတွက် ရေရရှိမှုမှာ မိုးကောင်းရေသောက်ဖြင့်စိုက်ပျိုးပြီး ယာမြေများအတွက်လည်း စိမ့်စမ်းရေမှ ရေလုံလောက်မှုရှိပါသည်။

ချင်ကိုက်ကုန်းကျေးရွာတွင် တောင်သူလယ်သမားများအတွက်လိုအပ်သော ငွေကြေးအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်း သက်သာစွာဖြင့် အိမ်ထောင်စု အတွက် ငွေကျပ်သိန်းပေါင်း များစွာကို နှစ်စဉ် မိုးဦးကျတွင်ချေးယူထားပါသည်။ လယ်ယာမြေပုံစံ(၇)ရှိသူများကို ချေးပေးပါသည်။ မြို့နယ်သမအသင်းမှလည်း အိမ်ထောင်စုများအား ချေးယူထား ပါသည်။ အခြားပြင်ပ အဖွဲ့အစည်းများဖြစ်သည့် ပတ်မြန်မာအဖွဲ့မှ အတိုးနှုန်း (၁/-)ဖြင့် အိမ်ထောင်စု (၃၀)အတွက် ငွေကျပ်သိန်း(၁၅၀)ကို အမျိုးသမီးများ အိမ်တွင်းသက်မွေးအရင်းအနှီးအဖြစ် ထုတ်ချေး ပေးပြီး စိုက်ပျိုးရေးစရိတ်အတွက် မိုးဦးကျတစ်ကြိမ် မိုးနှောင်းတစ်ကြိမ် (၅၀၀၀၀၀/-)ထက်မကျော်သော နှုန်းဖြင့် ထုတ်ချေးပါသည်။ ငွေကြေးဝန်ဆောင်မှုတွင် ပုံစံ(၇)ရှိသူတိုင်းလည်းငွေချေး၍မရရှိခြင်း၊ မြို့နယ် သမမှထုတ်ချေးသော အရင်းနည်းနေခြင်းမှာ တောင်သူလယ်သမားများအတွက် ရင်းနှီးမြှုပ်နှံမှုအားနည်းသည့်အတွက် ဆင်းရဲသောအိမ်ထောင်စုများအတွက် အဆင်မပြေဖြစ်ရသောကြောင့် သက်ဆိုင်ရာ ငွေကြေးဝန်ဆောင် မှုများ ရရှိရန်လိုအပ်လျက်ရှိပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ချင်ကိုက်ကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင် ချက်များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ရန် အဖွဲ့

အစည်းများရှိသော်လည်း ရွာအကျိုးကို ဆောင်ရွက်မြဲရှိသည့် ပုဂ္ဂိုလ်များကသာ ရပ်ရွာအကျိုးကို ဆောင်ရွက်နေကြပါသည်။

ချင်ကိုက်ကုန်းကျေးရွာတွင် စိုက်ပျိုးရေ လုံလောက်မှုရှိသော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းများရှိခြင်း၊ ရောဂါပိုးမွှားများကို ထိရောက်စွာကာကွယ်နှိမ်နှင်းရန် နည်းပညာလုံလောက်မှုမရှိခြင်း၊ စိုက်ဘဏ်မှ ချေးငွေရရှိသော်လည်း လယ်ကေများများပိုင်ဆိုင်သူများမှာ စိုက်ပျိုးစရိတ်မလုံလောက်ခြင်းတို့ကြောင့် သီးနှံထုတ်လုပ်မှု နည်းနေရခြင်းဖြစ်သည်။

မွေးမြူရေးလုပ်ငန်းအတွက် သီးသန့်ချေးငွေ ချေးပေးမှု မရှိသေးပါ။ တိရိစ္ဆာန်ရောဂါကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများ မရရှိ၍ ဆုံးရှုံးမှုများရှိပါသည်။ မွေးမြူရေးသီးသန့်မွေးမြူရန်ချေးငွေထုတ်ကုန်များအတွက် ဒေသတွင်းဈေးကွက်ဖွံ့ဖြိုးမှု အနည်းငယ်အားနည်းသည်။ စားကျက်မြေရှားပါးသည်။ မိမိခြံထွက်တိရိစ္ဆာန်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။

နေ့စားလုပ်ကိုင်သူများရှိသော်လည်း ကျေးရွာတွင် ပုံမှန်အလုပ်အကိုင်နှင့် ဝင်ငွေမရှိကြပါ။ ထို့ကြောင့် အချို့မြေယာမဲ့ကျပန်းလုပ်ကိုင်သူများမှာ ပြည်တွင်း၊ ပြည်ပသို့ ရွှေ့ပြောင်းလုပ်သားအဖြစ်သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန် ကျွမ်းကျင်မှုမရှိကြပါ။ သင်တန်းများတက်ရန် ကုန်ကျစရိတ်မတတ်နိုင်ခြင်းနှင့် အဆက်အသွယ်များမရှိကြပါ။ ဈေးကွက်နှင့်နီးပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်သော်လည်း ဈေးကွက်ချိတ်ဆက်မှုမရှိ။ သတင်းအချက်အလက် ရရှိမှုအားနည်းသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် အဆက်အသွယ် အားနည်းသည်။ လက်သမား ၊ ပန်းရံစသည့် လက်ရှိကျွမ်းကျင်မှုအချို့ရှိသော်လည်း အရင်းအနှီးနည်းသည်။ ၎င်းကျွမ်းကျင်မှုများတွင်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

ပညာရေးကဏ္ဍတွင် စာသင်ကျောင်းလုံလောက်မှုမရှိ။ ပညာရေးဌာန ရံပုံငွေထောက်ပံ့နိုင်မှုအားနည်းသည်။ မူလတန်းပြီးဆုံးသူများသော်လည်း ဘွဲ့ရပညာတတ် နည်းပါးနေသေးသည်။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ဆေးခန်းသုံးပစ္စည်းများနှင့် ကုတင်လုံလောက်မှုမရှိပါ။ ကျန်းမာရေးဗဟုတုတမျာလည်း အားနည်းနေသေးသည်။

အခြေခံအဆောက်အဦးအနေဖြင့် ကျေးရွာတွင် လမ်းများနှင့် ရွာချင်းဆက်လမ်းများမှာ ရာသီမရွေးသွားလာ၍ မရသဖြင့် ကျေးရွာ၏ သာရေး၊နာရေး ကိစ္စရပ်များတွင် ကျေးရွာလူထုအားလုံးပါဝင်နိုင်မှုမရှိပါ။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အသက်မွေးအတက်ပညာလည်း အားနည်းပြီးအလုပ်အကိုင် အခွင့်အလမ်းအားနည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ဗဟုတုတရယူရန် အခွင့်အလမ်း များရှိသော်လည်း မှန်ကန်စွာအသုံးချနိုင်မှု အားနည်းပါသည်။ မိုဘိုင်းဖုန်းဖြင့်

အင်တာနက် အသုံးပြုနိုင်ကြပါသည်။ သတင်းမီဒီယာနှင့် ပညာလေ့လာသင်ယူရန် အတွက် အသုံးပြုလေ့မရှိကြသေးပါ။

ချင်ကိုက်ကုန်းကျေးရွာတွင်လျှပ်စစ်မီးရရှိပါသည်။ သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအမံများလည်းမရှိ၊ ဗဟုတုတလည်း မရှိကြသေးပါ။ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းများလည်းကြုံတွေ့လာရသည်။ ၎င်းအပြင် မြေဆီသြဇာလျော့နည်းခြင်းနှင့် သီးနှံရောဂါပိုးမွှားများလည်း တနှစ်ထက်တနှစ် ဆိုးရွားစွာကျရောက် ဖျက်စီးမှုများလာသည်။ သဘာဝအရင်းအမြစ်များကိုလည်း ထုတ်ယူသုံးစွဲမှုများပြီး ထိန်းသိမ်းမှုအားနည်းသောကြောင့် တဖြည်းဖြည်း ရှားပါးလာသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ အုန်းပင်စုကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေးအားအကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ် များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ၂၀၂၃ခုနှစ် စက်တင်ဘာလကုန်တွင် အုန်းပင်စုကျေးရွာအတွင်းတွင် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း၊ ကျေးရွာ၏ အခြေခံ အဆောက်အဦးများ ဖြစ်သည့် စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်နှင့်သွင်းအားစုများရရှိအောင်ဆောင်ရွက်ခြင်း၊ ကျေးရွာတွင် လမ်းများအားလုံး ကျောက်ချောလမ်းများအဖြစ် ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းဆောင်များ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲခြင်းစသည့် လူမှုအခြေခံ အဆောက်အဦးများ ပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်တက်နေပြီး ဖြစ်ရမည်။

(၂) ၂၀၂၃ ခုနှစ် စက်တင်ဘာလကုန်တွင် အုန်းပင်စုကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည် သီးနှံတိုးတက်ထုတ်လုပ်နိုင်ခြင်း၊ တိရစ္ဆာန်တိုးတက်မွေးမြူနိုင်ခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးတက်လာရမည်။

(၃) ပညာရည်တက်မြောက်မှု မြင့်မားလာအောင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ကြောင့် ကျေးရွာလူငယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာရမည်။

(ခ) **နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

- အထက်ပါပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များအား ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ငွေကြေး စသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်း ဆောင်ရွက်မည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လက်ရှိလိုအပ်နေသောအရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မိမိတို့ကျေးရွာဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။
- ကျေးရွာတွင် လက်ရှိရွာတွင်းလမ်းများ ပျက်စီးခြင်း၊ မူလွန်ကျောင်းရှိပြီး စာသင်ကျောင်းဆောင် လုံလောက်မှုမရှိခြင်း၊ ကျေးရွာဆေးခန်းတွင် ဆေးခန်းသုံးပစ္စည်းနှင့်ကုတင် လုံလောက်မှုမရှိခြင်းတို့ကြောင့် လူမှုအခြေခံ လိုအပ်ချက်များ ပြည့်စုံမှုမရှိကြပါ။ ထို့ကြောင့် ကျေးလက်ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်သည်။
- ကျေးရွာရေရှည် ဖွံ့ဖြိုးတိုးတက်ရန်၊ အသက်မွေးဝမ်းကျောင်း ပညာများ ကျွမ်းကျင်တက်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ၍ အကောင်အထည်ဖော်ရေး စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သည်။ ထိုသို့ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အရင်းအနှီး မတတ်နိုင်ခြင်း၊ အဆက်အသွယ်အားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များနှင့် ချိတ်ဆက်၍ လက်တွေ့အကောင်အထည်ဖော်ရေး အစီအစဉ်ရေးဆွဲဆောင်ရွက် မည်ဖြစ်သည်။

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ချင်ကိုက်ကုန်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ မရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသား မြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ချင်ကိုက်ကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်မွေးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘော တရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ၎င်းအပြင်

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ကိုလည်း မြှင့်တင်ပေးခြင်းဖြင့် မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးကွက်အစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi–cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ –ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား

အုပ်စု (၅) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ချင်ကိုက်ကုန်းကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက် များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေး စီမံကိန်းများကို အခြေခံ၍ အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| စိုက်ပျိုးရေး ကဏ္ဍ | | | | | |
| | ၁။ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ရရှိအောင်ဆောင်ရွက်ခြင်း | ၅၁ | ၇ | • စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| | ၂။ တောင်ကျချောင်းရေအားရေကာတာ ပြုလုပ်ရန် | ၅၇ | ၅ | • ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| အခြား ဝင်ငွေရ လုပ်ငန်းများ | | | | | |
| | ၃။ အသက်မွေးဝမ်းကျောင်း(ဆိုင်ကယ်ပြင်)သင်တန်းဖွင့်လှစ်ခြင်း။ | ၂၉ | ၁၁ | • ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း။ | |
| | ၄။ ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း | ၄၈ | ၈ | • ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း။ | |
| ပညာရေး | | | | | |
| | ၅။ ပညာရေးဝန်ထမ်းနှင့်ကျောင်းဝန်း ခြံစည်းရိုး ကာရံခြင်း | ၇၂ | ၂ | • ကျေးရွာရှိ ကျောင်းကော်မတီအဖွဲ့မှ ဦးဆောင်၍ ပညာရေးဌာနသို့ တင်ပြဆောင်ရွက်ခြင်း။ | |

| | | | | |
|---|---|---|---|---|
| ကျန်းမာရေး | | | | |
| | ၆။ ကျန်းမာရေးကျွမ်းကျင်ဝန်ထမ်းနှင့် ဆေးဝါးပရိဘောဂပစ္စည်းများရရှိနိုင်ရေး | ၆၄ | ၄ | • ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| **လမ်းပန်းဆက်သွယ်ရေး** | | | | |
| | ၇။ ရွာတွင်းလမ်းကျောက်ချောခင်းခြင်း | ၆၆ | ၃ | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| | ၈။ လယ်ယာသွားလမ်းခင်းခြင်း | ၁၀၀ | ၁ | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| မီးလင်းရေး | | | | |
| | ၉။ မီးလင်းရေးဆောင်ရွက်ရန် | ၅၆ | ၆ | • သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား | | | | |
| | ၁၀။စာကြည့်တိုက်အဆောက်အဦနှင့် မြေနေရာရရှိအောင်ဆောင်ရွက်ခြင်း။ | ၃၇ | ၁၀ | • ကျေးရွာစည်ပင်သာယာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ တို့မှ ဦးဆောင်၍ ကြိုးစားခြင်း။ |
| အခြေခံအဆောက်အအုံ | | | | |

| | | | |
|---|---|---|---|
| ၁၁။မီးသတ်စင်တည်ဆောက်ပေးခြင်း | ၄၄ | ၉ | ကျေးရွာရှိရပ်မိ၊ရပ်ဖများမှ ဦးဆောင်ဆောင်ရွက်ခြင်း။ |

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း(Project) | ဦးစားပေး အဆင့် | ၂၀၁၈ – ၂၀၁၉ | ၂၀၁၉ – ၂၀၂၀ | ၂၀၂၀ – ၂၀၂၁ | ၂၀၂၁ – ၂၀၂၂ | ၂၀၂၂ – ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | လယ်/ယာသွားလမ်းကျောက်ချောခင်းခြင်း။ | ၁ | ✓ | | | | |
| ၂ | ပညာရေးဝန်ထမ်းနှင့် ကျောင်းခြံစည်းရိုးကာရံခြင်း။ | ၂ | | | ✓ | | |
| ၃ | ရွာတွင်းလမ်းကျောက်ချောခင်းခြင်း။ | ၃ | | ✓ | | | |
| ၄ | ကျန်းမာရေးကျွမ်းကျင်ဝန်ထမ်းနှင့် ဆေးဝါး၊ ပရိဘောဂများရရှိအောင် ဆောင်ရွက်ခြင်း။ | ၄ | | | | ✓ | |
| ၅ | တောင်ကျချောင်းရေအား ရေကာတာတည်ဆောက်ခြင်း။ | ၅ | | | ✓ | | |
| ၆ | မီးရရှိအောင်ဆောင်ရွက်ခြင်း။ | ၆ | | | | ✓ | |
| ၇ | မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ရရှိအောင်ဆောင်ရွက်ခြင်း။ | ၇ | ✓ | | | | |
| ၈ | ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း။ | ၈ | | ✓ | | | |
| ၉ | မီးသတ်စင်(ကင်းတဲ)တည်ဆောက်ပေးခြင်း။ | ၉ | | ✓ | | | |
| ၁၀ | စာကြည့်တိုက်မြေနေရာနှင့် အဆောက်အဦတည်ဆောက်ခြင်း။ | ၁၀ | | | | | ✓ |
| ၁၁ | သက်မွေးသင်တန်းများဖွင့်လှစ် | ၁၂ | | | ✓ | | |

| စဉ် | စီမံကိန်း(Project) | ဦးစားပေး အဆင့် | ၂၀၁၈ - ၂၀၁၉ | ၂၀၁၉ - ၂၀၂၀ | ၂၀၂၀ - ၂၀၂၁ | ၂၀၂၁ - ၂၀၂၂ | ၂၀၂၂ - ၂၀၂၃ |
|---|---|---|---|---|---|---|---|

ပေးခြင်း

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လယ်/ယာသွားလမ်းကျောက်ချောခင်းခြင်း။ | | | ✓ | | |
| ၂ | ပညာရေးဝန်ထမ်းနှင့် ကျောင်းခြံစည်း ရိုးကာရံခြင်း။ | | | | ✓ | |
| ၃ | ရွာတွင်းလမ်းကျောက်ချောခင်းခြင်း | | | ✓ | | |
| ၄ | ကျန်းမာရေးကျွမ်းကျင်ဝန်ထမ်းနှင့် ဆေးဝါး၊ ပရိဘောဂများရရှိအောင် ဆောင်ရွက်ခြင်း။ | | | ✓ | | |
| ၅ | တောင်ကျချောင်းရေအား ရေကာတာ တည်ဆောက်ခြင်း။ | | | ✓ | | |

| | | | | |
|---|---|---|---|---|
| ၆ | မီးရရှိအောင်ဆောင်ရွက်ခြင်း။ | | ✓ | |
| ၇ | မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ရရှိအောင်ဆောင်ရွက်ခြင်း။ | | ✓ | |
| ၈ | ဈေးငွေရရှိအောင်ဆောင်ရွက်ခြင်း။ | ✓ | | |
| ၉ | မီးသတ်စင်(ကင်းတဲ)တည်ဆောက် ပေးခြင်း။ | | ✓ | |
| ၁၀ | စာကြည့်တိုက်မြေနေရာနှင့် အဆောက် အဦတည်ဆောက်ခြင်း။ | | | ✓ |
| ၁၁ | သက်မွေးသင်တန်းများဖွင့်လှစ် ပေးခြင်း | | ✓ | |

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

